မင်းလူ

# အတွေ့လေးရယ်မှ အိုအကြုံ



(က)

ကျွန်တော့်ဖခင် စာရေးဆရာ (ဦး)သာခုသည် ၁၉၅၅၊ ဇူလိုင်လထုတ် ရှုမဝ မဂ္ဂဇင်းတွင် "အတွေ့အကြုံ" အမည်ရှိ ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့ပါသည် ။ ထိုဝတ္ထုအဆုံးတွင် (ဆာဘရီးနားကို မှီးပါသည် ) ဟု မှတ်ချက် ရေးထား၏ ။ တကယ်တော့ အဖေသည် "ဆာဘရီးနား" အမည်ရှိ နိုင်ငံခြားရုပ်ရှင်ကားမှ တစ်ကွက် နှစ်ကွက်သာယူ၍ သူ့ပင်ကိုယ်စိတ်ကူးဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်ဆင်ပြီး ရေးခဲ့ခြင်းသာဖြစ်ကြောင်း သိရ၏ ။

ထိုဝတ္ထုကို အခြေခံပြီး ၁၉၆၆ တွင် "အဖေ" ဟု သော ဇာတ်ကားကို အဖေကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပါသည် ။.

ယခုအခါ ထိုဇာတ်လမ်းကို အစ်ကိုကြီး ဒါရိုက်တာ မောင်ဝဏ္ဏက ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရန် စီစဉ်သည် ။ ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း၊ ဆွေဇင်မင်းသွင်တို့ ပါဝင်သည် ။ ဇာတ်ညွှန်းရေးဖို့ တာဝန်မှာ ကျွန်တော့်ဆီ ကျရောက်လာတယ်။

"အဖြေ" ဇာတ်ကားသည် နှစ်ပေါင်းကြာပြီဖြစ်၍ ဖလင်တွေ ပျက်စီးကုန်ပြီ။ ပြန်ကြည့်လို့ မရတော့။ ထိုဇာတ်ကား ပြသစဉ်က ကျွန်တော်မှာ ကလေးပဲ ရှိသေးသည် ။ တချို့အခန်းတွေလောက်သာ မှတ်မိတော့သည် ။

သဲလွန်စဆို၍ "အတွေ့အကြုံ" ဝတ္ထုသာ ရှိသည် ။ ထိုဝတ္ထုမှာ လည်း

မဂ္ဂဇင်းဝတ္ထုမျှသာ ဖြစ်၏ ။ “အဖြေ” ဇာတ်ကားမှာ လည်း ထိုဝတ္ထုနှင့် ထပ်တူထပ်မျှ မဟုတ်။ ပြီးတော့ ခုခေတ်နှင့် လျော်ညီအောင် တင်ပြဖို့ ကလည်း လိုသေးသည် ။ ထိုအခါ ကျွန်တော်သည် အဖေ၏ “အတွေ့အကြုံ” ဝတ္ထုမှ ဇာတ်ကါက်အချို့ကို ယူပြီး “အတွေ့လေးရယ်မှ အို… အကြုံ” ဇာတ်ညွှန်းကို ကိုယ့်အားကိုယ်ကိုးပြီး အစအဆုံး အသစ်ပြန် ရေးခဲ့ရပါသည် ။

ယခု ထိုဇာတ်ညွှန်းကို ဝတ္ထုအသွင်ဖြင့် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည် ။

ထို့ကြောင့် ဤဝတ္ထုသည် ဆာဘာရီနား ဇာတ်ကားနှင့် လည်းကောင်း၊ အတွေ့အကြုံ ဝတ္ထုနှင့်လည်းကောင်း၊ အဖြေဇာတ်ကားနှင့်လည်းကောင်း တစ်မူကွဲပြား ခြားနားသော ကျွန်တော်၏ သီးခြားအားထုတ်မှုသာ ဖြစ်ပါကြောင်း။

**ရိုသေလေးစားလျက်**

**မင်းလူ**

* * *

(၁)

ညှေ့ခန်းမှာထိုင်နေသော ညှေ့သည် တစ်ယောက်၏ ထိုင်ပုံထိုင်နည်းကို ကြည့်၍ သူ ဘယ်လိုလူမျိုးလဲဆိုတာ အကဲခတ် ခန့်မှန်းကြည့်နိုင်သည် ။

ဆက်တီကုလားထိုင်ပေါ်မှာ စိတ်လွတ်လက်လွတ် ဖိမ်ကျကျ နောက်မှီထိုင်ပြီး ခြေထောက်ကြီးကား၍ စကားကျယ်လောင်စွာ ပြောနေတတ်သူမျိုးမှာ အိမ်ရှင်နှင့် အလွန်ရင်းနှီးပြီး ပြောမနာ ဆိုမနာရှိသူ၊ အိမ်ကို ဝင်ထွက်သွားလာနေကျလူမျိုး ဖြစ်သည် ။

ခပ်မတ်မတ်ထိုင်ပြီး ခြေထောက်ချိတ်ထားသူမျိုးမှာ အိမ်ရှင်အပေါ် သြဇာညောင်းသူ၊ အိမ်ရှင်ထက် အသက်သော်လည်းကောင်း၊ ဂုဏ်ရှိန်သော်လည်းကောင်း ပို၍ ကြီးမြင့်သူ ဖြစ်နိုင်သည် ။ (ခြွင်းချက်။ တချို့ညှေ့သည် ကတော့ ဆီးလွန်သွားချင်နေပါလျက် အိမ်ရှင်ကို အားနာပြီး ပြောမထွက်သဖြင့် ပေါင်လိမ်ပြီး ထိုင်နေတာမျိုး ဖြစ်နိုင်သည် ။)

နောက်တစ်မျိုးကတော့ ကိုယ်ကိုယ့်ပြီး ကုလားထိုင်အစွန်းမှာ ချိတ်တယ်ဆိုရုံထိုင်၊ လက်နှစ်ဖက်ယှက်ပြီး ပေါင်ပေါ်တင်ထားတတ်သည် ။ ထိုသူမျိုးမှာ အိမ်ရှင်ဆီ အကူအညီလာတောင်းသူ၊ လာကန်တော့သူမျိုး၊ အိမ်ရှင်ထက် အစစအရာရာ နိမ့်ကျသူမျိုး ဖြစ်တတ်၏ ။

အခု တွေ့လိုက်ရသူမှာ တတိယအမျိုးအစားတွင် ပါဝင်သည် ။ ဘေးမှာ ချထားသော ခရီးဆောင်အိတ်ကို လည်းကောင်း၊ ဝတ်စားဆင်ယင်ပုံကို လည်းကောင်း ကြည့်၍ နယ်ကလာသူဟု ခန့်မှန်းရသည် ။

ထိုသူမှာ မိန်းကလေးတစ်ယောက် ဖြစ်၏ ။ အသက်ဆယ့်ရှစ်နှစ်နှင့် နှစ်ဆယ်ကြား ရှိလိမ့်မည်။ သာမန် ခပ်နွမ်းနွမ်း ဝတ်စားထားတဲ့ ကြားက အတော်လှသည့် မိန်းကလေးဖြစ်ကြောင်း အကဲခတ်မိ၏ ။

မိန်းကလေးက ခပ်ယို့ယို့ ထိုင်နေပြီး ဖေဖေရယ်၊ မေမေရယ်၊ ကိုကြီးရယ်က သူတို့ ဝိုင်းပတ်ထိုင်လျက်ရှိသည် ။ မြင်ကွင်းမှာ အလုပ်လာလျှောက်သူကို အင်တာဗျူးထိုင်နေပုံနှင့် တူလေသည် ။

မောင်မောင်ထူးသည် ဧည့်ခန်းတွင်းသို့ တစ်ချက်ဝေ့ကြည့်ပြီး သူ့အခန်းဆီသွားရန် ဆက်လျှောက်သည် ။

“သားရေ… ခဏလာပါဦးကွ”

ဦးထင်က လှမ်းခေါ်သဖြင့် ခြေလှမ်းတုံ့သွားသစည်။ ဝိုင်းထိုင်နေရာသို့ လျှောက်သွားပြီး ဒေါ်သွယ်ထိုင်နေသည့် ကုလားထိုင်နောက်မှီကို လက်ထောက်၍ ရပ်လိုက်၏ ။

“မင်း သူ့ကို မှတ်မိလားကွ ဟေ”

ဦးထင်က မိန်းကလေးကို ညွှန်ပြ၍ မေးသည် ။

မောင်မောင်ထူးက မိန်းကလေးကို စိုက်ကြည့်သည် ။ မိန်းကလေးက ခေါင်းငုံ့ထားဆဲ။ မြင်ဖူးသလိုလို ရှိသည် ဟု ပြောလို့ ရရုံသာ ဖြစ်သည် ။ ဘယ်သူမှန်း မသိ။ သို့တိုင်အောင် သူ့ဂသိအတိုင်း….

“သြော်… ဟဲ ဟဲ နေကောင်းရဲ့ လား”

ဟု ပြောလိုက်၏ ။ မိန်းကလေးက ဖျက်ခနဲ မော့ကြည့်ပြီး မဝံ့မရဲပြုံးသည် ။ ချက်ချင်း မျက်လွှာချသွား၏ ။ ထိုတဒင်္ဂအတွင်းမှာ မောင်မောင်ထူးက သွားဖြဲပြလိုက်သေးသည် ။

လှမ်းအကဲခတ်နေသော မောင်မောင်ဦးက…

“နေစမ်းပါဦး၊ မင်းက သိလို့ လား”

ဟု မေးလိုက်သည် ။ မောင်မောင်ထူးက ခေါင်းတစ်ချက် ကုတ်ပြီး…

“အဲ… ရေးတေးတေးပဲ”

“ဒါနဲ့ များကွာ၊ နေကောင်းလား ဘာညာလုပ်နေရသေးတယ်”

မောင်မောင်ထူး စပ်ဖြဲဖြဲ လုပ်ရင်း…

“ဒီလိုပါ၊ လူမြင်ရင်တော့ မှတ်မိပါတယ်”

ဟု ထပ်ပြီး အကြောင်းရိုက်ပြန်သည် ။ ဦးထင်က…

“ဟာ… ဒီကောင်၊ အခု လူတစ်ယောက်လုံး မြင်နေရတာ ပဲကွ”

“သြော်… လူနဲ့ နာမည်နဲ့ မတွဲမိတာကို ပြောတာပါ”

ပြောပြီး မိန်းကလေးကို တစ်ချက် လှမ်းကြည့်သည် ။

ကောင်မလေးက ခေါင်းငုံ့ရင်း ပြုံးနေ၏ ။ ဒေါ်သွယ်က ဝင်ပြောသည် ။

“တော်စမ်းကွယ်၊ မောင်ထူးတစ်ယောက်ဟာ ဘယ်တော့မှ စကားကောင်းပြောလို့ မရဘူး။ ဒီမှာ အဲဒါ တခြား မဟုတ်ဘူး အစောပဲ”

“အစော… အစော”

မောင်မောင်ထူးက စဉ်းစားသလို ရေရွတ်နေသည် ။ ဦးထင်က…

"ဟိုဒင်းလေကွာ"

ဟု စကားစမည်ပြုစဉ် ဒေါ်သွယ်က ဦးအောင် ဝင်ပြောသည် ။

"ရွှေတောင်က ဦးသက်နဲ့ သမီးလေ"

"ဟာ... အစောကိုး၊ ဒါကြောင့် တူပါတယ်လို့ ကြည့်နေတာ"

မောင်မောင်ဦးက ဖြီးနေပြန်ပြီဆိုသော အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်သည် ။ မောင်မောင်ထူးက ဂရုမထားဘဲ ဆက်ပြောသည် ။

"ကျွန်တော်တို့ ရွှေတောင်သွားလည်တုန်းက ငယ်ငယ်လေးရှိသေးတာပဲ။ အခု တော်တော် ထွားလာတယ်နော်"

မောင်မောင်ဦးက မျက်စောင်းလှမ်းခဲပြန်သည် ။

"ဒီလိုကွ မောင်ထူးရ။ ကိုသက်နဲ့ ဆုံးပြီးတဲ့ နောက်မှာ ပေါ့လေ၊ အဲဒါ ဟို..."

"အဲဒါ အစောက သူ့အဒေါ်နဲ့ နေနေတယ်။ အမေကလည်း မရှိရှာတော့ဘဲကိုး"

ဦးထင်က ပြောနေတုန်း ဒေါ်သွယ်က အတင်းဝင်ဖြတ်ပြောပြန်သည် ။ သူတို့ နှစ်ယောက်ကတော့ သည် လိုပဲ ဖြစ်၏ ။ ဒေါ်သွယ်က နေရာတိုင်းမှာ ဦးဆောင်လိုက်ရမှ ကျေနပ်၏ ။ ဦးထင်ကလည်း အမြဲအလျှော့ပေးတာချည်းပဲ။ ပြောနေရင်း စကားအဖြတ်ခံရသဖြင့် အမ်းတမ်းတမ်း ဖြစ်နေရာမှ ဦးထင်က ခေါင်းညိတ်ထောက်ခံလိုက်ရသည် ။ ဒေါ်သွယ် စကားဆက်သည် ။

"အခု အစောက ဆယ်တန်းအောင်ပြီးတော့ တက္ကသိုလ် ဆက်တက်ဖို့ အခက်အခဲရှိနေတယ်ဆိုတာ သိရတော့ မေမေတို့ ကပဲ

တာဝန်ယူပြီး ပညာဆက်သင်ပေးမယ်လို့ စီစဉ်ပြီး ရွှေတောင်က လှမ်းခေါ်လိုက်တာပဲ၊ ဟုတ်တယ် မဟုတ်လား ကိုထင်”

“ဟုတ်ပါတယ်… ဟုတ်ပါတယ်၊ ဒီအတိုင်းပါပဲ”

ဦးထင်သည် ဒေါ်သွယ်က အတည်ပြုချက် လှမ်းတောင်းသဖြင့် အားတက်သွားသည် ။ ထိုစကားကြောင့် စကားဆက်ရန် “ကိုသက်နှံ့ ဆိုတာကလည်း ” ဟု စကားစလိုက်စဉ် ဒေါ်သွယ်က ဝင်ဖြတ်ပြောလိုက်ပြန်၏ ။

“ကိုသက်နှံ့ဆိုတာကလည်း အလုပ်ရှင် အလုပ်သမားလို သဘောမထားဘဲ မေမေတို့ အပေါ် တစ်သက်လုံး သစ္စာရှိရှိ လုပ်သွားခဲ့လို့ ရွှေတောင်က ရက်ကန်းရုံကို မျက်နှာလွှဲထားနိုင်ခဲ့တာ မဟုတ်ဘူး လား။ အခု ကိုသက်နှံ့မရှိတော့ အစောကို မေမေတို့ က စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်လေ”

“ဟုတ်ပါတယ် မေမေ၊ ပညာဒါနဆိုတာ အင်မတန်မှ မွန်မြတ်ပါတယ်”

မောင်မောင်ထူးက လူကြီးဆန်ဆန် ဟန်ပန်ဖြင့် ပြောလိုက်သည် ။ မောင်မောင်ဦးက ကြီးကျယ်နေပြန်ပြီဆိုသော အကြည့်ဖြင့် ကြည့်သည် ။ ထို့နောက် ဆေးတံကို ကောက်ကိုင်ပြီး မီးညှိလိုက်၏ ။

“ကဲ… အစောလည်း အပမ်း”

ဦးထင်က စကားမဆက်သေးဘဲ ချောင်းဟန့်လိုက်ပြီး ဒေါ်သွယ်ကို တစ်ချက်ကြည့်သည် ။ ဒေါ်သွယ်က ခေါင်းဆတ်ပြလိုက်မှ ….

“အဲ… အစောလည်း ခဏနားချင်နားဦး၊ ညနေကျမှ အစောအတွက် ငှားထားပေးတဲ့ အခန်းကို မောင်ဦး ဖြစ်ဖြစ်၊ မောင်ထူး ဖြစ်ဖြစ်

လိုက်ပို့ပေးလိမ့်မယ်”

“ဟုတ်ကဲ့ ဘဘကြီး”

အစော၏ အသံကို ပထမဆုံးအကြိမ် မောင်မောင်ထူး ကြားရ၏ ။ မဝံ့မရဲ ပြောရသဖြင့် အသံက ခပ်တိမ်တိမ်၊ သို့တိုင်အောင် သူ့ရုပ်နှင့် သူ့အသံ လိုက်ဖက်သည် ဟု တွေးလိုက်သည် ။

“ကိုကြီး မအားရင် ကျွန်တော် လိုက်ပို့လိုက်ပါ့မယ်။ လိပ်စာသာ ပြောလိုက်၊ ကျွန်တော်လည်း အပြင်သွားစရာရှိတာနဲ့ အတော်ပဲ”

ပြောပြီး ထရပ်လိုက်သည် ။ လှည့်ထွက်မည်ပြုပြီးမှ တစ်စုံတစ်ခု သတိရဟန်ဖြင့်...

“အစောက ဘယ်တက္ကသိုလ်မှာ တက်မှာ လဲ”

သူက အစောကို ကြည့်ပြီး မေးခြင်းဖြစ်သော်လည်း အစောက မဖြေခင် မောင်မောင်ဦးက ဝင်ဖြေသည် ။

“စီးပွားရေးတက္ကသိုလ် တက်ခိုင်းထားတယ်ကွ”

“ကောင်းတယ်... ကောင်းတယ်၊ ကျွန်တော်လည်း အဲဒီကိုနဲ့ ဘွဲ့ရခဲ့တာပဲ။ ဟဲ့ကောင်မလေး ကျောင်းစာတွေ ဘာတွေ နားမလည်တာရှိရင် ငါ့ကိုမေး ကြားလား”

အစောက အနည်းငယ် မော့ကြည့်ပြီး

“ဟုတ်ကဲ့ပါ အစ်ကိုလေး”

မောင်မောင်ထူး ပြုံး၍ ခေါင်းတစ်ချက်ဆတ်ပြီး လှည့်ထွက်သွားသည် ။ မောင်မောင်ဦးက ဆေးတံကိုဖွာရင်း အစောကို အကဲခတ်သလို ကြည့်လိုက်၏ ။

* * *

မောင်မောင်ဦးသည် အပေါ်ထပ် တက်လာခဲ့ပြီး သူ့အခန်းရှိရာသို့ သွားသည် ။ မောင်မောင်ထူး အခန်းကို ဖြတ်အလျှောက်တွင် ကုတင်ပေါ်လှဲရင်း ပြုံးစိစိ ခေါင်းတညိတ်ညိတ် လုပ်နေသော မောင်မောင်ထူးကို မြင်လိုက်ရသည် ။ တံခါးပေါက်ဝမှာ သွားရပ်ပြီး မေးလိုက်သည် ။

“ဟေ့ကောင် ဘာပြုံးနေတာလဲ”

မောင်မော်ထူးက လှဲနေရာမှ ခေါင်းထောင်ကြည့်ပြီး…

“ကိုကြီးရာ ကျွန်တော်တို့ ကိုကြီးချစ်ပုံက သိပ်လွန်လွန်းသွားပြီ ထင်တယ်”

“ဘာကိုဆိုလိုတာလဲ မင်းက”

“ဩော်… ကျွန်တော့်ကို တစ်ဦးတည်းသော ညီလေးဆိုပြီး အရိပ်တကြည့်ကြည့်နဲ့ နေတာကတော့ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ကိုယ့်အခန်းထဲ ကိုယ်နေရင်း ပြုံးမိတာတောင် ဘာကြောင့် ပြုံးတာလဲဆိုတဲ့ အထိ ဂရုစိုက်တာကျတော့ နည်းနည်း အိုဗာဖြစ်သွားပြီဗျ၊ ကျွန်တော့်ဘာသာ တစ်ခုခု သဘောကျလို့ ပြုံးတာပဲ၊ လွတ်လွတ်လပ်လပ် ပြုံးပါရစေဗျာ၊ သိပ်ဂရုစိုက်လွန်းသွားရင် ချုပ်ချယ်သလို ဖြစ်သွားတတ်တယ် ကိုကြီးရ”

“မင်းပြုံးပုံက အဓိပ္ပါယ်တစ်ခုခုရှိတယ် ထင်လို့ ပါ”

မောင်မောင်ထူးက လှဲနေရာမှ ထထိုင်ပြီး...

"ကဲ... ကိုကြီး သိချင်လည်း ပြောပြရတာ ပေါ့။ ကျွန်တော် ပြုံးတာက အစောကို မြင်မြင်ချင်း ကိုကြီးတို့ ဟာ ကျွန်တော်နဲ့ ပေးစားချင်တဲ့ ကောင်မလေး တစ်ယောက်များ ခေါ်ပြပြန်ပြီလားလို့ တွေးမိတဲ့ အကြောင်းကြောင့်ပါ"

"မင်းကလည်း ကွာ"

ပြောပြီး မောင်မောင်ဦးက ကုလားထိုင်ကို ဆွဲယူ၍ ထိုင်လိုက်သည် ။ မောင်မောင်ထူးက...

"ဟုတ်တယ်လေ... ဖေဖေတို့ ကိုကြီးတို့ က အားရင် ကျွန်တော်ကို မိန်းမပေးစားဖို့ ပဲ ကြံစည်နေကြတာကိုး၊ တော်ကြာ ဟိုကုမ္ပဏီပိုင်ရှင်သမီးကို သဘောမကျဘူးလား၊ နောင်တစ်ခါ ဟိုရဲအရာကြီးရဲ့ ခယ်မလေးဆိုရင် ဘယ့်နှယ်နေမလဲ ဒါပဲ"

"ဒါမှ မင်း ခြေငြိမ်မှာ ကိုးကွ၊ သြော်... မင်း ရေမိုးချိုး၊ ခဏနားပြီးရင် အစောကို သူနေရမယ့်အိမ်ခန်းကို လိုက်ပို့လိုက်ဦး၊ ငါက မအားဘူး။ နယ်က တယ်လီဖုန်း လာစရာရှိလို့ စောင့်ရမယ်။ လိပ်စာကို ငါ ရေးပေးထားမယ်"

"နေစမ်းပါဦး ကိုကြီးရ၊ အစောကို ဒီအိမ်မှာ ပဲ နေခိုင်းလည်း ရသားနဲ့ ၊ မေမေ့အတွက်လည်း အဖော်ရတာ ပေါ့"

"လူပျို ယောကျ်ားတွေနဲ့ တစ်အိမ်တည်းထားလို့ ဘယ်သင့်တော်ပါ့မလဲကွ"

မောင်မောင်ထူးက ပြုံး၍ ...

"အင်း... ဟုတ်သားပဲ၊ ကိုကြီလို ခြေဆော့လက်ဆော့ရှိတဲ့ လူမျိုးနဲ့

ဘယ်ဖြစ်ပ့ါမလဲနော့”

ဟု သူ့အစ်ကိုကို စလိုက်သည် ။ မောင်မောင်ဦးက....

“အမယ်... မင်းကများ ပြောရတယ်ရှိသေး၊ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် လျှောက်တွဲနေတဲ့ ကောင်ကများ ၊ ဒီမှာ ရှင်းရှင်းပြောရရင် မင်းကို စိတ်မချလို့ ကွ သိရဲ့ လား”

“ဒါကတော့ ကိုကြီးရာ ကျွန်တော်က တွဲချင်လို့ မဟုတ်ပါဘူး၊ ကောင်မလေးတွေက တွဲချင်လို့ လာတွဲနေကြတာပါ။ ဒါပေမယ့် ဘယ်သူ့ကိုမှ ကျွန်တော် စိတ်မဝင်စားခဲ့ဘူး၊ ဘယ်သူနဲ့ မှ လည်း တရားဝင် သမီးရည်းစား မဖြစ်ခဲ့ဘူး”

“ဘာပဲဖြစ်ဖြစ်လေကွာ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် တွဲသွားတွဲလာရှိရင် ဘေးကအမြင်မှာ တော့ သမီးရည်းစားလို့ ထင်ကြမှာ ပဲ”

“ဒါ ဟိုခေတ်က အယူအဆတွေပါဗျာ”

“ဒီလိုမပြောနဲ့ ကွ၊ အဲဒီ လို တွဲရင်းပြုရင်းနဲ့ မတော်တာတွေနဲ့ ငြိသွားရင် ဘယ့်နှယ်လုပ်မလဲ”

မောင်မောင်ထူးက ပြုံး၍ ခေါင်းအနည်းငယ် ခါလိုက်သည် ။

“ကိုကြီးရာ ကျွန်တော်က ယောကျ်ားလေးပါ။ မတော်တာတွေနဲ့ ဖြစ်သွားရင်ဆိုတာ မိန်းကလေးရှင်တွေကသာ စိုးရိမ်ရတာ မျိုးပါ”

“ဟ... ယောကျ်ားလေးမို့ ဘာမှ ပူစရာ မလိုဘူးလို့ ပြောလို့ မရဘူး။ ပြဿနာဖြစ်လာရင် ကိုယ့်ဂုဏ်သိက္ခာကိုတော့ ထိခိုက်နိုင်တာပဲ မဟုတ်လား။ ဒါကြောင့် ငါတို့ က သင့်တော်မယ့်လူကို ရှာပြီး နေရာချပေးချင်ကြတာပေ့ါ”

“ကျွန်တော်ကျတော့ အတင်း မိန်းမပေးစားချင်နေတယ်။ ကိုကြီးကျတော့ ဒီအရွယ်ရောက်တဲ့ ထိ လူပျိုကြီးလုပ်နေတယ်။ ဒါ တရားသလားဗျ”

မောင်မောင်ဦး တွန့်ခနဲ ဖြစ်သွား၏ ။ တစ်စုံတစ်ခုကို အစွပ်စွဲခံရ၍ ငြင်းဆိုသည့်လေသံဖြင့်....

“ငါက အချစ်ရေးတို့ အိမ်ထောင်ရေးတို့ ကို ဘယ်တုန်းကမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး ။ အလုပ်လုပ်ဖို့ ၊ စီးပွားရှာဖို့ ပဲ ငါ့ခေါင်းထဲမှာ ရှိတယ်။

“သိပါတယ် ကိုကြီး၊ စိတ်ဝင်စားတာက ဒါပဲ မဟုတ်လား”

မောင်မောင်ထူးက လက်ညှိုးနှင့် လက်မကို ဝိုင်း၍ ပိုက်ဆံဆိုသော သဘော လုပ်ပြသည် ။ မောင်မောင်ဦးက ဂုဏ်ယူသည့်ဟန်ပန်ဖြင့်...

“ဒါပေါ့ကွ၊ သိပ်မှန်တာပေါ့၊ ဒါ အရေးကြီးဆုံးပဲ”

မောင်မောင်ထူး သက်ပြင်းမှုတ်ထုတ်သည် ။

“အင်း... ကိုကြီးကတော့ မလွယ်ဘူး၊ ညအိပ်ရင်တောင် မီးခံသေတ္တာကြီးကို ဖက်အိပ်ချင်တဲ့ လူမျိုးပဲ”

မောင်မောင်ထူးက ငေါ့လိုက်ခြင်းဖြစ်သော်လည်း မောင်မောင်ဦးက စိတ်ဆိုးဟန်မပြ၊ မောင်မောင်ထူး ဥပမာပေးပုံကို သဘောကျသလိုတောင် ရယ်လိုက်သေးသည် ။ ပြီးမှ ...

“မင်းကတော့ကွာ၊ တော်တော် ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်”

မောင်မောင်ဦးက ရယ်သံစွက်၍ ပြောရင်း ထရပ်လိုက်သည် ။ မျက်နှာထားကို ရုတ်တရက် တည်လိုက်ပြီး....

"မင်းကို ငါ ပြောစရာတစ်ခု ရှိသေးတယ်။ အစောကို သိပ်အရောမဝင်နဲ့ နော်၊ တော်ကြာ ရောင့်တက်လာဦးမယ်။ ခပ်တည်တည် ခပ်မှန်မှန်နေ၊ ကြားလား"

မောင်မောင်ထူးက "ဟုတ်ကဲ့" ဆိုသော စကားလုံးကို အာလုတ်သံဖြင့် "ဟောက်ဂဲ့ ဟောက်ဂဲ့" ဟု ပြောသည် ။ မောင်မောင်ဦး မျက်စောင်းတစ်ချက်ခဲပြီး ထွက်သွား၏ ။

ခုနစ်ထွေအက,မှာ လို မျက်နှာထားကို ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းပြီး ရှုံ့ချည်နှပ်ချည် လုပ်တတ်တာလည်း စီးပွားရေးသမားတွေရဲ့ ပညာတစ်မျိုးပဲ ထင်တယ်ဟု မောင်မောင်ထူး တွေးရင်း ကျန်ခဲ့သည် ။

* * *

"အစောအတွက်တော့ အစစအရာရာ စိတ်ချပါ။ သမီးအရင်းလို သဘောထားပြီး စောင့်ရှောက်ပါမယ်။ အဒေါ်မှာ လည်း သမီးလေးတစ်ယောက်ရှိတော့ အစောအတွက်လည်း အဖော်ရတာ ပေါ့"

အိမ်ရှင်မိန်းမကြီးက ပြောသည် ။

"ကောင်းပါတယ်ခင်ဗျာ"

မောင်မောင်ထူးက အလိုက်သင့်ပြောသည် ။ အစောအရွယ် မိန်းကလေးတစ်ယောက် ဗန်းကလေးကိုင်၍ ထွက်လာသည် ။ လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ် ချသည် ။ မောင်မောင်ထူးကို မသိမသာ အကဲခတ်သည် ။ အစောဘက်ကြည့်၍ ပြုံးပြသည် ။

အစောကလည်း ခင်မင်ဟန်ဖြင့် ပြန်ပြုံးပြသည်။

“ဒါ အဒေါ့်သမီးလေး စီစီတဲ့ ”

အိမ်ရှင်မိန်းမကြီးက မိတ်ဆက်ပေးသည်။ မောင်မောင်ထူးက....

“ဩော်.... ဩော်... ဒီက ညီကလည်း အစော လိုတာရှိရင် ကူညီလိုက်ပါနော်”

“ဟုတ်ကဲ့ရှင့်”

ပြောပြီး အတွင်းခန်းထဲ ပြန်ဝင်သွားသည်။

အိမ်ကလေးမှာ သပ်ရပ်သော ပျဉ်ထောင်သွပ်မိုးအိမ် ဖြစ်၏။ အလယ်က အကန့်ခွဲကာထားပြီး တစ်ဖက်ခြမ်းကို သီးခြားအခန်းတစ်ခန်းဖြစ်အောင် စီစဉ်ထားသည်။ ထိုအခန်းမှာ အစောအတွက် ဖြစ်၏။ အရင်ကလည်း အိမ်ငှားတွေ နေခဲ့ဖူးဟန်တူသည်။ အစ်ကိုကြီး ကိုမောင်မောင်ဦးတစ်ယောက် သည် အိမ်ကလေးကို ဘယ်လိုများ ရှာတွေ့ခဲ့ပါလိမ့်ဟု စဉ်းစားမိ၏။

“လက်ဖက်ရည် သောက်လိုက်ပါဦး၊ ဆိုင်ကဝယ်တဲ့ လက်ဖက်ရည်မို့ ကောင်းမှ ကောင်းရဲ့ လား မသိဘူး”

အိမ်ရှင်မိန်းမကြီး ဒေါ်ငွေယုံက ပြောသည်။ သူ့စိတ်ထဲမှာ သူဌေးသားမို့ ဆိုင်ကဝယ်တိုက်တာကို သောက်မှ သောက်ချင်ပါ့မလားဟု အားနာနေဟန် တူသည်။

“ဟာ... ရပါတယ်ခင်ဗျာ၊ ကျွန်တော်က လက်ဖက်ရည်ဆိုင် ထိုင်နေကျပါ။ သောက်တတ်ပါတယ်”

မောင်မောင်ထူးက ပြောပြီး လက်ဖက်ရည် တစ်ငုံသောက်သည်။

"ဟာ... လက်ဖက်ရည်က ကောင်းလှချည်လား၊ ဘယ်ဆိုင်ကလဲ"

"ဟို လမ်းထိပ်ဆိုင်ကပါ"

"ဩော်... အလာတုန်းက တွေ့လိုက်တယ်။ ဆိုင်နာမည်က ရွှေကြေးစည်ဆိုလား၊ အင်း... နောက်ဆိုရင် ဒီဆိုင်မှာ လာလာသောက်ရမယ်၊ ကျွန်တော်က လက်ဖက်ရည် ကြိုက်တတ်တယ် ဒေါ်ဒေါ်ရဲ့"

ဒေါ်ငွေယုံ ကျေနပ်ပြီး ပြုံးပြုံးကြီး ဖြစ်သွား၏ ။

မောင်မောင်ထူးက လက်ဖက်ရည်ကို အရသာခံ သောက်လိုက်ပြီးမှ ....

"ဒါနဲ့ အခန်းလခတို့ ၊ ထမင်းလခတို့ ကော ရပြီးပြီလား"

"ရပြီးပါပြီ၊ ကိုမောင်မောင်ဦးက သုံးလစာ ကြိုပေးထားပါတယ်"

"ဟုတ်လား... ကောင်းပါတယ်၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ အစော အစ်ကိုလေး ပြန်ဦးမယ်၊ လိုတာရှိရင် ဖုန်းဆက်ပြီး မှာ လိုက်၊ အစ်ကိုလေးလည်း အားတဲ့ အခါ လာခဲ့မယ်၊ ဒီက ဒေါ်ဒေါ့်စကားကိုလည်း နားထောင်နော်"

"ဟုတ်ကဲ့ အစ်ကိုလေး"

မောင်မောင်ထူးက ဒေါ်ငွေယုံကို ထပ်နှုတ်ဆက်ပြီး ထွက်သွားသည် ။ အစောက အိမ်အောက်အထိ လိုက်ပို့၏ ။ သူတို့ ထွက်အသွားတွင် စီစီက ထွက် လာပြီး သူ့အမေကို ပြော၏ ။

"ဒီအစ်ကိုလေးက ပိုပြီး သဘောကောင်းပုံ ရတယ်နော်၊ ဟို ကိုမောင်မောင်ဦးဆိုတဲ့ အစ်ကိုကြီးကတော့ မျက်နှာထားက

တင်းတင်းကြီးနဲ့ ”

ဒေါ်ငွေယုံက “ရှူး တိုးတိုး” ဆိုသောသဘော နှုတ်ခမ်းမှာ လက်ညှိုးကပ်ပြသည် ။

မောင်မောင်ထူး ကားပေါ်တက်၊ တံခါးပိတ်၊ စက်နှိုးပြီး အစောဘက် လှည့်ကြည့်၍ ပြုံးပြနှုတ်ဆက်သည် ။ အစောက ပြန်ပြုံးပြသည် ။ သူ့အပြုံးက ယဉ်လွန်းလှသည် ။

အင်း... အစ်ကိုကြီးက စိတ်မချဘူးဆိုတာလည်း အဆိုးမဆိုသာဘူးဟု မောင်မောင်ထူး တွေးလိုက်မိ၏ ။

* * *